KBZ BANK
STRENGTH OF MYANMAR

# ကမ္ဘောဇဘဏ် ရင်သွေးစုဘူး ဘဏ်စာရင်း၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) ၏ ရင်သွေးစုဘူး ဘဏ်စာရင်းဝန်ဆောင်မှုအား ရယူအသုံးပြုကြမည့် ငွေအပ်နှံသူများ အနေဖြင့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျလိုက်နာကြရမည် ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ ရင်သွေးစုဘူး ဘဏ်စာရင်းဝန်ဆောင်မှုအား တောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်းနှင့် ငွေအပ်နှံသူ၏ ကိုယ်စားတစ်စုံတစ်ဦးအားအသုံးပြုခွင့်ပြုစေခြင်းများသည် ငွေအပ်နှံသူများ အနေဖြင့် အခါအားလျော်စွာပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ဝန်ခံအသိအမှတ်ပြုခြင်းနှင့် လက်ခံခြင်း ပင်ဖြစ်သည်။

## ၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁.၁။ **‘အလုပ်ဖွင့်ရက်’** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေ၊ တနင်္ဂနွေ၊ အများပြည်သူအလုပ်ပိတ်ရက်များ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံမှ အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်ထားသော အများပြည်သူအလုပ်ပိတ်ရက်များ သို့မဟုတ် ဘဏ်ပိတ်ရက်မဟုတ်သည့် နေ့ရက်များ ကိုဆိုလိုခြင်းဖြစ်သည်။

၁.၂။ **‘ရင်သွေးစုဘူး ဘဏ်စာရင်း’** ဆိုသည်မှာ ကလေးမီးဖွားရန် ရည်ရွယ်၍စုငွေစုဆောင်းလိုသော မိခင်လောင်းများ (သို့) ကလေးမီးဖွားရန် အထောက်အပံ့ စုငွေစုဆောင်းလိုသောဆွေမျိုးသားချင်း မိတ်ဆွေများအတွက် သီးသန့်ဘဏ်စာရင်းအမျိုးအစားဖြစ်ပြီး ငွေအပ်နှံသူက ကနဦး စတင်အပ်နှံသည့် အချိန်တွင် ငွေအပ်နှံသူမှ ရွေးချယ်ထားသော Pay In Account မှ စာရင်းပြောင်းနည်းဖြင့် ထည့်သွင်းအပ်နှံနိုင်ပြီး သတ်မှတ်ကာလ (ရင်သွေး စုဘူး သက်တမ်း) အတွင်း လစဉ် သတ်မှတ်ထားသော ပမာဏအား ထို Pay In Account မှ စာရင်းပြောင်းနည်းဖြင့် ထည့်သွင်းအပ်နှံနိုင်ပြီး သက်တမ်းစေ့ရောက်သည့် အခါတွင် ထိုဘဏ်စာရင်းမှ တိုးရင်းပေါင်းအား ရွေးချယ်သတ်မှတ်ခဲ့သော Pay Out Account မှ ပြန်လည် ထုတ်ယူနိုင်သည့် ဘဏ်စာရင်းအမျိုးအစားဖြစ်သည်။

၁.၃။ **“လျှောက်လွှာ”** ဆိုသည်မှာ ဤ စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ရင်သွေး စုဘူး ဘဏ်စာရင်းအား ဖွင့်လှစ်ရန်အတွက် ကမ္ဘောဇဘဏ်၌ အသုံးပြုသော သက်ဆိုင်ရာ ဖောင်ကိုဆိုလိုသည်။

၁.၄။ **“CASA”** ဆိုသည်မှာ ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားသော စာရင်းရှင်အပ်ဘဏ်စာရင်း၊ ခေါ်ယူအပ်ဘဏ်စာရင်း (သို့မဟုတ်) ငွေစုဘဏ်အပ် ဘဏ်စာရင်းကို ဆိုလိုသည်။

၁.၅။ **‘ဗဟိုဘဏ်’** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုလိုခြင်းဖြစ်သည်။

၁.၆။ **‘ငွေအပ်နှံသူ’** ဆိုသည်မှာ ကလေးမီးဖွားရန် ရည်ရွယ်၍စုငွေစုဆောင်းလိုသော မိခင်လောင်းများ (သို့) ကလေးမီးဖွားရန် အထောက်အပံ့ စုငွေစုဆောင်းလိုသောဆွေမျိုးသားချင်း မိတ်ဆွေများအတွက် ရည်ရွယ်၍ ကမ္ဘောဇဘဏ်တွင် ရင်သွေး စုဘူး ဘဏ်စာရင်းဖွင့်လှစ်ထားသော ကမ္ဘောဇဘဏ် ငွေအပ်နှံသူ တစ်ဦးကို ဆိုလိုသည်။

၁.၇။ **“ပြီးမြောက်ကြောင်းလက်မှတ်”** ဆိုသည်မှာ ရင်သွေး စုဘူး ဘဏ်စာရင်းအပ်နှံခြင်း ပြီးမြောက်ကြောင်း အထောက်အထား အဖြစ် ဆောင်ရွက်သည့် စာရွက်စာတမ်းတစ်ခုကို ဆိုလိုသည်။

KBZ BANK
STRENGTH OF MYANMAR

၁.၈။ **'အထုတ်အသွင်းမရှိသောစာရင်း သို့မဟုတ် စာရင်းသေစာရင်း'** ဆိုသည်မှာ ဝန်ဆောင်ခနှင့်အတိုးထည့်ငွေကဲ့သို့ ကမ္ဘောဇဘဏ်၏လုပ်ဆောင်မှု အတိုင်း ဆောင်ရွက်သည့် လုပ်ဆောင်မှုမှအပ၊ ကမ္ဘောဇဘဏ်ကသတ်မှတ်ထားသည့် ကာလအတွင်း ငွေအပ်နှံသူက စတင် ဆောင်ရွက်သည့် ငွေထုတ်မှု သို့မဟုတ် ငွေသွင်းမှုမရှိသည့် ဘဏ်စာရင်းကို ဆိုလိုသည်။

၁.၉။ **"မိတ်ဆက်သူ"** ဆိုသည်မှာ ငွေအပ်နှံသူအသစ်များအတွက် ထောက်ခံသူအဖြစ်ဆောင်ရွက်ပေးသော ကမ္ဘောဇဘဏ်၌ အပ်ငွေဘဏ်စာရင်း ရှိပြီးသူ တစ်ဦးကိုဆိုလိုသည်။

၁.၁၀။ **'ကမ္ဘောဇဘဏ်'** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် ကမ္ဘောဇဘဏ်မှ တည်ထောင်မည့် ကမ္ဘောဇဘဏ်ခွဲများအပါအဝင် ယခုလက်ရှိ ကမ္ဘောဇဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁.၁၁။ **'KYC'** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နှင့်/သို့ အခြား အခွင့်အာဏာပိုင်များမှ အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ထုတ်ပြန်သော "သင်၏ ဖောက်သည်ကို သိပါ" ဟူသော မှတ်ပုံတင်ရန် လိုအပ်ချက်များကို ဆိုလိုသည်။

၁.၁၂။ **"သက်တမ်းစေ့ရောက်ခြင်း"** ဆိုသည်မှာ သက်တမ်းကုန်ဆုံးသည့်နေ့ရက်ကိုဆိုလိုခြင်းဖြစ်ပြီး ၎င်းနေ့ရက်သည် အတိုးနှုန်းအား နောက်ဆုံးပေးဆောင်ရမည့်နေ့ရက်လည်းဖြစ်သည်။

၁.၁၃။ **'မြန်မာကျပ်'** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တရားဝင်အသုံးပြုသော ငွေကြေးကို ဆိုလိုသည်။

၁.၁၄။ **"ငွေသား ဖြည့်သွင်းခြင်း ပြုလုပ်သော** ဘဏ်စာရင်း **(Pay In Account)"** ဆိုသည်မှာ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်တွင် မိမိ၏CASA ACCOUNT (စာရင်းရှင်အပ်ဘဏ်စာရင်း၊ ငွေစုဘဏ်အပ်ဘဏ်စာရင်း၊ ခေါ်ယူအပ်ဘဏ်စာရင်း)စသည့် ဘဏ်စာရင်းများထဲမှ ဘဏ်စာရင်း တစ်ခုအား ရင်းသွေး စုဘူး စာရင်းထဲသို့ အပ်နှံငွေသားဖြည့်သွင်းရန်အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ဘဏ်စာရင်းဖြစ်သည်။

၁.၁၅။ **"ငွေသား ထုတ်ယူခြင်းပြုလုပ်သော**ဘဏ်စာရင်း **(Pay Out Account)"** ဆိုသည်မှာ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်တွင် မိမိ၏CASA ACCOUNT (စာရင်းရှင်အပ်ဘဏ်စာရင်း၊ ငွေစုဘဏ်အပ်ဘဏ်စာရင်း၊ ခေါ်ယူအပ်ဘဏ်စာရင်း) စသည့် ဘဏ်စာရင်းများထဲမှ ဘဏ်စာရင်းတစ်ခုအား ရင်းသွေး စုဘူး ဘဏ်စာရင်းထဲမှ သက်တမ်းကာလပြည့်သည့်အခါ ငွေသားထုတ်ယူရန်အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ဘဏ်စာရင်းဖြစ်သည်။

၁.၁၆။ **"လစဉ်ငွေစုဇယား"** ဆိုသည်မှာ ဘဏ်စာရင်း စတင် ဖွင့်လှစ်သည့်ရက်တွင် ငွေအပ်နှံသူထံ ငွေအပ်နှံသည့် သက်တမ်းအတွင်း လစဉ်သွင်းရမည့်ငွေပမာဏ နှင့် ရရှိမည့်အတိုး စသည့် အချက်အလက်များအား ဖော်ပြထားသည့် ကမ္ဘောဇဘဏ်မှ ထုတ်ပေးသော စာရင်းဇယားကို ဆိုလိုသည်။

၁.၁၇။ **"အတိုးနှုန်း"** ဆိုသည်မှာ စာရင်းပိုင်ရှင်မှ အပ်နှံသည့် စာရင်းသေစာရင်း၏ အချိန်ကာလအပိုင်းအခြားအပေါ်မူတည်၍ ငွေအပ်နှံသူ၏ ဘဏ်စာရင်းသို့ ရရှိမည့် သက်ဆိုင်ရာ အတိုးနှုန်းကို ဆိုလိုသည်။

၁.၁၈။ **"သက်တမ်း"** ဆိုသည်မှာ ငွေအပ်နှံသူမှ ရင်းသွေး စုဘူး ဘဏ်စာရင်းသို့ ငွေကြေးအား အပ်နှံထားသည့် သတ်မှတ်အချိန်ကာလကို (၆)လ၊ (၉)လ (သို့မဟုတ်) (၁)နှစ် ဟုသက်မှတ်ထားပြီး ၎င်းကာလသည် ရင်းသွေး စုဘူး

စာရင်းသို့ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အနည်းဆုံးအပ်နှံငွေပမာဏမှ စတင်အပ်နှံနိုင်ပြီး ငွေအပ်နှံသည့်နေ့ရက်မှစတင်၍ သက်တမ်းကာလအား စတင်မည် ဖြစ်သည်။

၁၊၁၉။ **'စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ'** ဆိုသည်မှာ ဤ ရင်သွေး စုဘူး ၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကိုဆိုလိုသည်။

၁၊၂၀။ **'Website'** ဆိုသည်မှာ www.kbzbank.com လိပ်စာရှိ ကမ္ဘောဇဘဏ်၏ website ကို ဆိုလိုသည်။

## ၂။ ကမ္ဘောဇဘဏ်၌ ရင်သွေး စုဘူး ဘဏ်စာရင်း ဖွင့်လှစ်ခြင်း

၂၊၁။ ကမ္ဘောဇဘဏ်၌ ရင်သွေး စုဘူး ဘဏ်စာရင်းဖွင့်လှစ်ရန်အတွက် ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်ကပေးထားသော သက်ဆိုင်သည့် ပုံစံအားလုံးကိုဖြည့်စွက်ကာ လိုအပ်သောစာရွက်စာတမ်းအားလုံးကို ပေးရမည်။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူမှပေးသော အချက်အလက်များနှင့် စာရွက်စာတမ်းများအားလုံးသည် မှန်ကန်၊ တိကျပြီး ငွေအပ်နှံသူမှ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီမှုရှိသော အချက်အလက်များအားပေးခြင်းဖြစ်သည်ဟု ယူဆမည်ဖြစ်သည်။

၂၊၂။ ကမ္ဘောဇဘဏ် ရင်သွေး စုဘူး ဘဏ်စာရင်း ငွေအပ်နှံသူသည် အမျိုးသားမှတ်ပုံတင်ကတ် **(NRC)** ကို တင်ပြနိုင်ရမည်။

၂၊၃။ ကမ္ဘောဇဘဏ် ရင်သွေး စုဘူး ဘဏ်စာရင်း ငွေအပ်နှံသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ပြီး ဘဏ်စာရင်းဖွင့်လှစ်ရန် ပဋိညာဉ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၂၊၄။ စာရင်းသေအပ်ဘဏ်စာရင်းဖွင့်သည့်အခါ ငွေအပ်နှံသူကို ကမ္ဘောဇဘဏ်ခွဲတွင် စာရင်းဖွင့်လှစ်ထားရှိပြီးဖြစ်သော ငွေအပ်နှံသူများမှ မိတ်ဆက်သူ ၂ ဦးအဖြစ် ထောက်ခံရမည်။

၂၊၅။ ငွေအပ်နှံသူသည် ရင်သွေး စုဘူး ဘဏ်စာရင်းအား ငွေဖြည့်သွင်းရန် ကမ္ဘောဇဘဏ်သို့ ပေးထားသော ၎င်း၏ ငွေသားဖြည့်သွင်းခြင်း ပြုလုပ်သော ဘဏ်စာရင်း (Pay In Account) မှ တဆင့် ပြုလုပ်ရမည်ဖြစ်ပြီး သက်တမ်း စေ့ရောက်သည့်နေ့ရက်တွင် အပ်နှံထားသော ငွေသားထုတ်ယူခြင်းများကို ကမ္ဘောဇဘဏ်သို့ ပေးထားသော ၎င်း၏ငွေသားထုတ်ယူခြင်းပြုလုပ်သောဘဏ်စာရင်း (Pay Out Account) မှ တဆင့် ပြုလုပ်ရမည်ဖြစ်သည့်။

၂၊၆။ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ရင်သွေး စုဘူး ဘဏ်စာရင်းအား ငွေဖြည့်သွင်းရန်နှင့် ငွေထုတ်ယူရန်အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ၎င်း၏ ငွေသား ဖြည့်သွင်းခြင်း ပြုလုပ်သော ဘဏ်စာရင်း (Pay In Account) နှင့်ငွေသားထုတ်ယူခြင်းပြုလုပ်သောဘဏ်စာရင်း (Pay Out Account) များမှ တဆင့် ပြုလုပ်ရမည်ဖြစ်ပြီး ငွေအပ်နှံသူ၏ငွေဖြည့်သွင်းခြင်း နှင့်ငွေသားထုတ်ယူခြင်းပြုလုပ်သောဘဏ်စာရင်းများသည် တူညီသော ဘဏ်စာရင်းဖြစ်ရမည်ဖြစ်သည်။

၂၊၇။ လူပုဂ္ဂိုလ်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော အရွယ်ရောက်သူများသည် တွဲဖက်၍ ရင်သွေး စုဘူး ဘဏ်စာရင်းအား ဖွင့်လှစ်နိုင်ပြီး ထို ရင်သွေး စုဘူး ဘဏ်စာရင်းအား ငွေဖြည့်သွင်းရန်နှင့် ငွေထုတ်ယူရန်အတွက် ကမ္ဘောဇဘဏ်သို့ ပေးထားသော ၎င်းတို့၏ ငွေသား ဖြည့်သွင်းခြင်း ပြုလုပ်သော ဘဏ်စာရင်း (Pay In Account) နှင့်ငွေသားထုတ်ယူခြင်းပြုလုပ်သောဘဏ်စာရင်း(Pay Out Account) များမှ တဆင့် ပြုလုပ်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်နှစ်ဦး

သို့မဟုတ် နှစ်ဦးထက်ပိုသော အရွယ်ရောက်သူများသည် တွဲဖက်၍ ရင်သွေး စုဘူး ဘဏ်စာရင်းနှင့် ၎င်း၏ကမ္ဘောဇဘဏ် ရှိ ငွေသား ဖြည့်သွင်းခြင်း ပြုလုပ်သော ဘဏ်စာရင်း (Pay In Account) နှင့်ငွေသား ထုတ်ယူခြင်းပြုလုပ်သောဘဏ်စာရင်း(Pay Out Account) များတွင် ပါဝင်သော လူပုဂ္ဂိုလ်များသည် တူညီရမည် ဖြစ်သည်။ ရင်သွေး စုဘူး ဘဏ်စာရင်းအား ဖွင့်လှစ်သောအခါ ရည်ရွယ်စုဆောင်းလိုသော မိခင်လောင်း၏ အချက်အလက်အား မှန်ကန်စွာဖြည့်သွင်းပြီး ကမ္ဘောဇဘဏ်မှ အခါအားလျော်စွာပြုလုပ်သော Promotional Campaign များတွင်လည်း ပါဝင်နိုင်ပါသည်။

၂။၈။ ရင်သွေး စုဘူး ဘဏ်စာရင်းအား တစ်ဦးချင်း (သို့မဟုတ်) တွဲဖက်၍ ရင်သွေး စုဘူး ဘဏ်စာရင်းအား ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အနည်းဆုံးအပ်နှံငွေပမာဏကို အပ်နှံခြင်းဖြင့် ရင်သွေး စုဘူး ဘဏ်စာရင်းဖွင့်နိုင်မည်ဖြစ်သည်။ ရင်သွေး စုဘူး ဘဏ်စာရင်းအား အတွက် ထားရှိရမည့် ကနဦးအပ်နှံငွေပမာဏအား ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို မည်သည့် ကြိုတင်အကြောင်းကြားခြင်းမျှ မရှိဘဲ ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။

၂။၉။ ကမ္ဘောဇဘဏ်သည် လုံလောက်သောအကြောင်းရှိပါက ရင်သွေး စုဘူး ဘဏ်စာရင်း ဖွင့်လှစ်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။

၂။၁၀။ ကမ္ဘောဇဘဏ်သည် ရင်သွေး စုဘူး ဘဏ်စာရင်းတွင် ထည့်သွင်းထားသည့် အပ်နှံငွေပမာဏအပေါ်ပေးမည့် အတိုးနှုန်းနှင့် တွက်ချက်သည့် နည်းလမ်းများကို မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏ တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့အား ပြုလုပ်နိုင်သည်။

၂။၁၁။ ကမ္ဘောဇဘဏ်သည် ရင်သွေး စုဘူး ဘဏ်စာရင်းတွင် ထားရှိရမည့် အနည်းဆုံး လက်ကျန်ငွေပမာဏအား မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင် ပြောင်းလဲသတ်မှတ်နိုင်သည်။

၂။၁၂။ ကမ္ဘောဇဘဏ်သည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပူးတွဲ အများဆုံး ဖွင့်လှစ်ခွင့်ရှိသော ဘဏ်စာရင်းအရေ အတွက်ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

## ၃။ ရင်သွေး စုဘူး ဘဏ်စာရင်း လုပ်ငန်းဆောင်ရွက်မှု

၃။၁။ အတိုးနှုန်းအား ဘဏ်စာရင်း စတင် ဖွင့်လှစ်သည့်ရက်မှစ၍ နေ့စဉ် တွက်ချက်ပေးမည်ဖြစ်ပြီး အတိုးအား ငွေအပ်နှံသူ၏ ဘဏ်စာရင်းထဲသို့ လစဉ် ထည့်သွင်းပေးမည် ဖြစ်သည်။

၃။၂။ ငွေအပ်နှံသူအား ကမ္ဘောဇဘဏ်မှ လစဉ် ငွေသွင်းရန် သတ်မှတ်ရက်မတိုင်ခင် (၃) ရက် ကြိုတင်၍ အသိပေးချက် SMS ပေးပို့သွားမည်ဖြစ်သည်။

၃။၃။ ကမ္ဘောဇဘဏ်သည် ဘဏ်စာရင်း စတင်ဖွင့်လှစ်သည့်ရက်တွင် ငွေစုဇယား နှင့်ပတ်သက်သည့် အသေးစိတ်သတင်းအချက်များ ပါရှိသော လစဉ်ငွေစုဇယားအား ငွေအပ်နှံသူထံ ပေးအပ်သွားမည် ဖြစ်သည်။

KBZ BANK
STRENGTH OF MYANMAR

၃.၄။ ငွေအပ်နှံသူသည် ဘဏ်စာရင်းစုဆောင်ခြင်းအား လစဉ်မပျက်မကွက်ပဲ စုဆောင်းပေးသွင်း ရမည်ဖြစ်ပြီး ဘဏ်စာရင်းသက်တမ်းပြီးမြောက်ပါက သက်တမ်းပြည့်သည့်နေ့တွင် ပြီးမြောက်ကြောင်း သက်သေခံလက်မှတ်အား ဘဏ်ခွဲတွင်တောင်းယူနိုင်မည်ဖြစ်ပြီး ငွေအပ်နှံသူထံ ပေးအပ်သွားမည်ဖြစ်ပါသည် ။

၃.၅။ ကမ္ဘောဇဘဏ်တွင် ငွေအပ်နှံသူ၏ ခွင့်ပြုချက်မလိုပဲ ဘဏ်စာရင်းအား မည်သည့် အချိန် တွင်မဆို တားနိုင်သည့် အခွင့်အာဏာအပြည့် အဝရှိပါသည်။

၃.၆။ ရင်သွေး စုဘူး ဘဏ်စာရင်း၏ သက်တမ်းမစေ့ရောက်မီ ဘဏ်စာရင်းပိတ်သိမ်းခြင်းအား ကမ္ဘောဇဘဏ်အနေဖြင့် ခွင့်ပြုမည် မဟုတ်ပါ။ အကယ်၍ သက်တမ်းမစေ့ရောက်မီ ဘဏ်စာရင်းပိတ်သိမ်းလိုလျှင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကမ္ဘောဇဘဏ်သို့ ကမ္ဘောဇဘဏ်၏ဆင်ခြင်တုံတရားဖြင့် ဘဏ်စာရင်းပိတ်သိမ်းခြင်း အား ခွင့်ပြုပေးနိုင်ရန် အကြောင်းကြားတင်ပြရမည်ဖြစ်ပြီး သက်တမ်းမစေ့ရောက်မီ ဘဏ်စာရင်းပိတ်သိမ်းခြင်းကိစ္စရပ်တွင် ငွေအပ်နှံသူသည် ထားရှိခဲ့သောနေ့ရက်အလိုက်အတိုးအား ရရှိမည်ဖြစ်သည်။

## ၄။ ဘဏ်စာရင်းသက်တမ်းနှင့် သက်တမ်းစေ့မည့်နေ့ရက်

ဘဏ်စာရင်းသက်တမ်းသည် သဘောတူထားသည့် ငွေပမာဏအား ကမ္ဘောဇဘဏ်၏ ရင်သွေး စုဘူး ဘဏ်စာရင်းသို့ စတင်ထည့်သွင်းအပ်နှံသည့်နေ့ရက်တွင် စတင်မည်ဖြစ်သည်။ သက်တမ်းစေ့မည့် နေ့ရက်သည် အလုပ်ဖွင့်ရက်အတွင်း ကျရောက်ခဲ့ခြင်း မရှိပါက ရင်သွေး စုဘူး ဘဏ်စာရင်းမှ ပြန်လည်ပေးအပ်ခြင်းအား ကမ္ဘောဇဘဏ်၏ အလုပ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက် တွင် ပေးအပ်ရမည်ဖြစ်ပါသည်။

## ၅။ ပြန်လည်ပေးအပ်ခြင်း

ငွေအပ်နှံသူသည် ရင်သွေး စုဘူး ဘဏ်စာရင်းတွင် အပ်နှံထားသောငွေ သို့မဟုတ် စုဆောင်းထားသောငွေအား သက်တမ်းစေ့ရောက်သည့်နေ့ရက်တွင် အပ်နှံငွေရင်းနှင့် သတ်မှတ်ထားသောအတိုးနှုန်းများကို ငွေအပ်နှံသူ၏ ငွေသားထုတ်ယူခြင်း ပြုလုပ်သောဘဏ်စာရင်း(Pay Out Account)ထဲသို့ လွှဲပြောင်းထည့်သွင်း ပေးသွားမည်ဖြစ်သည်။ သက်တမ်းစေ့ရောက်သည့် နေ့ရက်တွင် ငွေအပ်နှံသူအနေဖြင့် ငွေသားထုတ်ယူခြင်းပြုလုပ်သောဘဏ်စာရင်း(Pay Out Account) မှတဆင့် ငွေသား ထုတ်ယူနိုင်မည် ဖြစ်သည်။ ရင်သွေး စုဘူး ဘဏ်စာရင်းရှိ စုဆောင်းထားသောငွေကို သက်တမ်းပြည့်မြောက်သည့်နေ့တွင် ဘဏ်စာရင်းဖွင့်စဉ်ကထားရှိခဲ့သော ငွေသားထုတ်ယူခြင်း ပြုလုပ်သောဘဏ်စာရင်း(Pay Out Account) သို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး ရင်သွေး စုဘူး ဘဏ်စာရင်းသည် အလိုအလျောက်ပိတ်သိမ်း သွားမည် ဖြစ်သည်။

## ၆။ စာရင်းရှင်းတမ်းများ

၆.၁။ ကမ္ဘောဇဘဏ်ခွဲများ၌ ငွေအပ်နှံသူကတောင်းဆိုသည့်အခါ ရင်သွေး စုဘူး ဘဏ်စာရင်းများအတွက် ဘဏ်စာရင်းရှင်းတမ်းများ ထုတ်ပေးမည် ဖြစ်သည်။

၆.၂။ စာရင်းရှင်းတမ်းတွင် အမှားတစ်ခုခုရှိပါက ကမ္ဘောဇဘဏ်သို့ချက်ခြင်းအကြောင်းကြားရန်မှာ ငွေအပ်နှံသူ၏ တာဝန်ဖြစ်သည်။

## ၇။ လွှဲပြောင်းနိုင်မှု

၇.၁။ ငွေအပ်နှံသူသို့ ပေးအပ်ထားသည့် ရင်သွေး စုဘူး ဘဏ်စာရင်းနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများမှာ မည်သည့်အခြေအနေ၌မဆို လွှဲပြောင်းခွင့်မရှိဘဲ ငွေအပ်နှံသူတစ်ဦးတည်းကသာ အသုံးပြုရမည်။

၇.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏အခွင့်အရေး၊ အကျိုးခံစားခွင့် (သို့မဟုတ်) တာဝန်များအားလုံးကို မည်သူ့ကိုမဆို လွှဲပြောင်း၊ လွှဲအပ် (သို့မဟုတ်) ရောင်းချခွင့်ရှိပြီး ဤစည်းကမ်းချက်များသည် ကမ္ဘောဇဘဏ်ကိုဆက်ခံသူ၊ လွှဲပြောင်းလက်ခံသူများ၏ အကျိုးအတွက် ဆက်လက်အာဏာသက်ရောက်စေရမည်။

၇.၃။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူတစ်ဦး ရူးသွပ်သွားသည့်အခါတွင်ဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် ငွေအပ်နှံသူအနေဖြင့် မိမိ၏အမှုကိစ္စများကို ဆောင်ရွက်နိုင်စွမ်း မရှိသည့်အခါတွင်ဖြစ်စေ၊ ၎င်းအား တရားဝင်အုပ်ထိန်းသူ (သို့မဟုတ်) တရားဝင်ကိုယ်စားလှယ်ကို ကမ္ဘောဇဘဏ်၏ သတ်မှတ်သည့် နည်းလမ်းများအတိုင်း အပ်နှံငွေကို ထုတ်ပေးရမည်။

၇.၄။ အရွယ်ရောက်ပြီးသူနှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပို တွဲဖက်၍ ဘဏ်စာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာရင်းပိုင်ရှင်များမှ တစ်ဦးဦး သေဆုံးသည့်အခါမျိုးတွင် ကျန်ရှိသူ ဘဏ်စာရင်းပိုင်ရှင်(များ) (သို့မဟုတ်) အကျိုးခံစားခွင့်ရှိသူများမှ ငွေထုတ်ယူခွင့်ရှိသည်။

၇.၅။ အကျိုးခံစားခွင့် လွှဲအပ်ထားခြင်းမရှိသော ငွေအပ်နှံသူ သေဆုံးပါက အပ်နှံငွေလက်ကျန်ကို အမွေထိန်းစာလက်မှတ် (သို့မဟုတ်) အမွေဆက်ခံခွင့်လက်မှတ်အား တင်ပြခြင်းဖြင့်ဖြစ်စေ သို့မဟုတ် တင်ပြရန်မလိုဘဲဖြစ်စေ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြနိုင်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တရားဝင်မွေးစားထားသော သားသမီး (သို့မဟုတ်) ယင်းတို့ မရှိလျှင် မြေး (သို့မဟုတ်) ယင်းတို့မရှိလျှင် မိဘ၊ ညီအစ်ကို၊ မောင်နှမအား ထုတ်ပေးရမည်။

## ၈။ ကြွေးမြီတာဝန်များ

ကမ္ဘောဇဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်မရဘဲ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်ရှိအပ်ဘဏ်စာရင်းမှနေ၍သော်လည်းကောင်း၊ ယင်းစာရင်းထဲရှိ ငွေတစ်ခုခုမှသော်လည်းကောင်း၊ ကြွေးမြီတာဝန်တစ်ခုခု သို့မဟုတ် အခြားသောအဖွဲ့၏ အကျိုးစီးပွားတစ်ခုခု ဖန်တီးခြင်း၊ ဖြစ်ပေါ်ခွင့်ပြုခြင်းတို့ မဖြစ်စေရ။

## ၉။ နုတ်ယူပိုင်ခွင့်

ငွေအပ်နှံသူသည် အခြားလူပုဂ္ဂိုလ်မှဖြစ်စေ၊ ကမ္ဘောဇဘဏ်မှဖြစ်စေ သို့မဟုတ် မည်သည့်အကြောင်းပြချက်မဆိုကြောင့်ဖြစ်စေ မှားယွင်းလွှဲပြောင်းမိသောကြောင့် ၎င်း၏အကောင့်တွင် ပိုနေသော ငွေများကို ပြန်ပေးရန် တာဝန်ရှိပါသည်။ ယင်းပိုငွေများသည် ငွေအပ်နှံသူ၏ ရပိုင်ခွင့်ရှိသည့် ငွေများမဟုတ်သည့်အားလျော်စွာ မည်သည့်ကန့်သတ်ချက်၊ အသိပေးချက်မှပေးပို့ခြင်းမရှိဘဲ သို့မဟုတ် လျော်ကန်သင့်မြတ်သည့် နည်းလမ်းအရပ်ရပ်ဖြင့် နုတ်ယူနိုင်သည်။

## ၁၀။ စွန့်လွှတ်မှု

၁၀.၁။ ဤစည်းကမ်းချက်ပါ ရပိုင်ခွင့်၊ အာဏာ (သို့မဟုတ်) အခွင့်အရေးကိုကျင့်သုံးရန် ကမ္ဘောဇဘဏ်ကပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးခြင်းသည် စွန့်လွှတ်ခြင်းမမှတ်ယူရပါ။ ထို့အတူ ရပိုင်ခွင့်၊ အာဏာ သို့မဟုတ် အခွင့်အရေးကို တစ်ခုတည်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းတည်း ကျင့်သုံးမှုသည်လည်း အခွင့်အရေးများကို စွန့်လွှတ်ခြင်း မမြောက်စေရ။

၁၀.၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေအရပေးအပ်ထားသော အခွင့်အရေး (သို့မဟုတ်) ကုစားမှု တို့အပြင် ဤစည်းကမ်းချက်များတွင် ဖော်ပြထားသော ကမ္ဘောဇဘဏ်၏အခွင့်အရေးများနှင့် ကုစားမှုများအား ထပ်ပေါင်းထည့်ထားခြင်းဖြစ်သည်။

## ၁၁။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့်ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊သပိတ်မှောက်မှု၊လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊စက်ချွတ်ယွင်းမှုသို့မဟုတ် အခြားသောမလွန်ဆန်နိုင်သောဖြစ်ရပ်များသာဖြစ်သည်ဟုကန့်သတ်ထားမှု မရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့်ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့်မည်သည့် လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်း များအတွက်မဆို ကမ္ဘောဇဘဏ်တွင်တာဝန်မရှိကြောင်းကို ငွေအပ်နှံသူသည်နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့်အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများကြုံတွေ့နေရသည့် အတိုင်းအတာအပေါ်မူတည်၍အဆိုပါအခြေအနေများ ပြီးဆုံးသွား သည့်အချိန်အထိ ကမ္ဘောဇဘဏ်က ပေးနေသည့် ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေ များ ဆက်လက်ဖြစ်ပျက်နေစဉ် ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရား

များကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ငွေအပ်နှံသူ

အပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၁၂။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၁၂.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့်သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ပါဝင်သည့် Transaction များပြုလုပ်ခြင်းမှ ကမ္ဘောဇဘဏ်အားတားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၂.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့်စည်းမျဉ်းများနှင့်မဆိုကိုက်ညီမှုရှိစေရေးအတွက်လိုအပ်သည့် သတင်းအချက်အားလုံးကို ငွေအပ်နှံသူကပေးအပ်ရမည်။

၁၂.၃။ မည်သည့် Transaction မျိုးမဆိုအတွက်မဆို ကမ္ဘောဇဘဏ်ကဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှုမရှိကြောင်း ငွေအပ်နှံသူကထုတ်ဖော်ကြေညာပြီးတာဝန်ယူသည်။

## ၁၃။ လျော်ကြေးအာမခံခြင်း

၁၃.၁။ ရင်သွေး စုဘူး ဘဏ်စာရင်း လုပ်ဆောင်မှု သို့မဟုတ် အသုံးပြုမှုကြောင့် ပေါ်ပေါက်လာရသည့် အခြားသောဆုံးရှုံးမှု၊ ဤစည်းကမ်းချက်တစ်ခုခုကို ငွေအပ်နှံသူက ချိုးဖောက်မှု၊ လိုက်နာဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ပြည့်စုံလုံလောက်စွာဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ၎င်း၏တာဝန်များ ဆောင်ရွက်ရာတွင် ငွေအပ်နှံသူမှ အမှားအယွင်းဖြစ်ခြင်း၊ ကိုယ်စားပြုခြင်း၊ ကိုယ်စားပြုမှုမှားယွင်းခြင်း၊ မသမာမှုပြုခြင်း၊ ပေါ့ဆမှုများကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်တာဝန်ရှိမှု၊ မည်သည့် အခြားဆုံးရှုံးမှုကိုမျှ ကမ္ဘောဇဘဏ်ကတာဝန်မရှိစေရန်၊ ငွေအပ်နှံသူသည် သူ/သူမ၏ ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ကမ္ဘောဇဘဏ်ကိုလျော် ကြေးပေးရန်၊ ကမ္ဘောဇဘဏ်အား ယင်းတို့မှ အကာအကွယ်ပေးရန်နှင့် ကမ္ဘောဇဘဏ်တွင် ထိခိုက်နစ်နာမှုမဖြစ်စေရန် ငွေအပ်နှံသူကသဘောတူသည်။

၁၃.၂။ မည်သည့်အခြေအနေမျိုးတွင်မျှ၊ ရင်သွေး စုဘူး ဘဏ်စာရင်းနှင့်စပ်လျဉ်း၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဆက်ဖြစ်သည့် ပျက်စီးဆုံးရှုံးမှုများကြောင့်ဖြစ်စေ ပေါ်ပေါက်လာရသော ဆုံးရှုံးမှုများအတွက် ကမ္ဘောဇဘဏ်က ငွေအပ်နှံသူကို ပေးရန် တာဝန်မရှိစေရ။

၁၃.၃။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ပါ တာဝန်တစ်ခုခုကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ငွေအပ်နှံသူအနေဖြင့် (တိုက်ရိုက်ဖြစ်စေ (သို့) သွယ်ဝိုက်၍ဖြစ်စေ) ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု၊ အငြင်းပွားမှု အစရှိသည့် ကိစ္စရပ်များအတွက် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရပါ။

၁၃.၄။ ကမ္ဘောဇဘဏ်မှ ကောက်ခံရရှိသည့် ပြေစာ သို့မဟုတ် အခြားစာရွက်စာတမ်း တစ်ခုပေါ်တွင် ငွေအပ်နှံသူ၏ ထောက်ခံချက် သို့မဟုတ် ထုတ်ပေးကြောင်း အာမခံချက်ဖြင့် ငွေအပ်နှံသူ၏ တောင်းဆိုဖော်ပြချက်အရ ပေးအပ်ခဲ့သည့် ကိစ္စတိုင်းတွင် ကမ္ဘောဇဘဏ်မှ မည်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက်မဆို ငွေအပ်နှံသူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၃.၅။ ငွေအပ်နှံသူ၏ ကမ္ဘောဇဘဏ်ရှိ ရင်သွေး စုဘူး ဘဏ်စာရင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်ပါ ကမ္ဘောဇဘဏ်၏ လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် ညွှန်ကြားချက်များလက်ခံခြင်း၊ ဖက်စ်ပေးပို့ခြင်းနှင့် အခြားဆက်သွယ်ရေး (သို့မဟုတ်) အီးလက်ထရောနစ် ညွှန်ကြားချက်များအား ဆောင်ရွက်ခြင်း(သို့မဟုတ်) ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ကမ္ဘောဇဘဏ်မှဖြစ်ပေါ်လာနိုင်သည့် အရေးယူမှုများ၊ တရားစွဲဆိုမှုများ၊ တောင်းဆိုမှုများ၊ နစ်နာဆုံးရှုံးမှုများ၊ ကုန်ကျမှုများ၊ အတိုး (တရားစီရင်ဆုံးဖြတ်မှုမတိုင်မီနှင့် ဆုံးဖြတ်ပြီးနောက် နှစ်ခုလုံးအပါအဝင်)နှင့် ကုန်ကျစရိတ်များ (ရှေ့နေနှင့်အမှုသည်ကြားအခြေခံသည့် ဥပဒေရေးရာ စရိတ်အပါအဝင်) စသည်တို့အတွက် ငွေအပ်နှံသူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၃.၆။ ရင်သွေး စုဘူး ဘဏ်စာရင်းကို ပိတ်သိမ်းလင့်ကစား အထက်ဖော်ပြပါကင်းလွတ်ခွင့်များမှာ ဆက်လက်တည်ရှိရမည်။

## ၁၄။ အချက်အလက် ထုတ်ဖော်ပြောကြားခြင်း

ကမ္ဘောဇဘဏ်သည် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အခါ (သို့မဟုတ်) ကမ္ဘောဇဘဏ်မှ လိုအပ်သည့် (သို့မဟုတ်) အထောက်အကူပြုသည်ဟုယူဆသည့်အခါ (ငွေအပ်နှံသူတစ်ဦးတည်း ဖြစ်စေ၊ အခြားသူများနှင့် ပူးတွဲ၍ဖြစ်စေ ကမ္ဘောဇဘဏ်မှရယူထားသည့်ဝန်ဆောင်မှုများ၊ ချေးငွေတစ်ခုခု၏ ကြွေးမြီဆန်းစစ်မှုရည်ရွယ်ချက် အပါအဝင်) ငွေအပ်နှံသူနှင့်ဆိုင်သော အချက်အလက်များ၊ သူ/သူမ၏ ဘဏ်စာရင်း(များ)၊ (သို့မဟုတ်) ရရန်ပိုင်ခွင့်များ (သို့မဟုတ်) ချေးငွေများနှင့် မည်သည့်အချက် အလက်မဆိုကို ငွေအပ်နှံသူ၏ ကိုယ်စား အောက်ပါတို့ထံသို့ ကမ္ဘောဇဘဏ်အားပေးခွင့်ပြုသည်
-

၁၄.၁။ ကမ္ဘောဇဘဏ်၏ ရုံးချုပ်၊ အဖွဲ့ဝင်ကုမ္ပဏီ၊ ကမ္ဘောဇဘဏ်ခွဲ (သို့မဟုတ်) လက်အောက်ခံတစ်ခုခု၊

၁၄.၂။ စာရင်းစစ်များ၊ ကျွမ်းကျင်အကြံပေးများနှင့်လျို့ဝှက်ထားရှိရန် တာဝန်နှင့်သက်ဆိုင်သည့် အခြားပုဂ္ဂိုလ်(များ)၊

၁၄.၃။ ကမ္ဘောဇဘဏ်ကွန်ပျူတာစနစ်များကိုရောင်းချသူ၊ တပ်ဆင်ပေးသူ၊ ပြင်ဆင်ထိန်းသိမ်းသူ (သို့မဟုတ်) ပြုပြင်ပေးသူများ၊

၁၄.၄။ ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်ရုံးချုပ် (သို့မဟုတ်) ကမ္ဘောဇဘဏ်ခွဲတစ်ခုခုအပေါ်၊ သို့မဟုတ် ငွေအပ်နှံသူ (သို့မဟုတ်) ငွေအပ်နှံသူ၏ ဘဏ်စာရင်းကဆောင်ရွက်သည့် ငွေကြေးလုပ်ငန်းများအပေါ် စီရင် ပိုင်ခွင့်ရှိသော စတော့အိတ်ချိန်း၊ ဈေးကွက် (သို့မဟုတ်) အာဏာပိုင်တစ်ခုခု၊

၁၄.၅။ အဆိုပါတောင်းဆိုမှု သို့မဟုတ် မေတ္တာရပ်ခံမှုကို လုပ်ခွင့်ရှိသောအဖွဲ့တစ်ခုခု၊

၁၄.၆။ စည်းကမ်းချက်များအရ မိမိ၏အခွင့်အရေး၊ တာဝန် (သို့မဟုတ်) စွန့်စားရမှုများကို ရောင်းချ ရန် (သို့မဟုတ်) လွှဲအပ်ရန် (သို့မဟုတ်) မျှဝေရန် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဏ်ပြုရန် ကမ်းလှမ်းသူ တစ်ဦးဦး၊

၁၄.၇။ ငွေအပ်နှံသူ၏ ဘဏ်စာရင်း(များ) (သို့မဟုတ်) ချေးငွေများ (သို့မဟုတ်) ကမ္ဘောဇဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုများပေးရန်အတွက် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မ ဟုတ်) ပဋိညာဏ်ပြုရန် ကမ်းလှမ်းသူတစ်ဦးဦး (အေးဂျင့်၊ ကန်ထရိုက်တာ (သို့မဟုတ်) တတိယ အဖွဲ့ ဝန်ဆောင်မှုပေးသူများ အပါအဝင်)၊

၁၄.၈။ ငွေအပ်နှံသူနှင့်ဆက်ဆံရန် (သို့မဟုတ်) ငွေအပ်နှံသူကိုဝန်ဆောင်မှုပေးရန် (သို့မဟုတ်) ငွေ အပ်နှံသူ၏ ဘဏ်စာရင်းများ၊ ချေးငွေများဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆက်ဆံရေး အရာရှိများအပါအဝင် ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်၏ရုံးချုပ် (သို့မဟုတ်) အဖွဲ့ဝင်ကုမ္ပဏီကခန့်ထားသည့် (သို့မဟုတ်) အေးဂျင့်အဖြစ်ပါဝင်စေသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

၁၄.၉။ ဒေတာတွက်ချက်မှုနှင့် အခြားအုပ်ချုပ်ရေးလုပ်ငန်းများကို ကမ္ဘောဇဘဏ်က ဗဟိုထိန်းချုပ်နိုင်ရန် (သို့ မဟုတ်) အထက်ပါဝန်ဆောင်မှု/လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်၏ရုံးချုပ်၊ ယင်း၏ အဖွဲ့ဝင်များ (သို့မဟုတ်) တတိယအဖွဲ့ များသို့ လုပ်ငန်းအပ်နှံနိုင်ရန် ဆောင်ရွက်ခြင်း၊

၁၄.၁၀။ ၎င်း/သူ/သူမ၏တာဝန်ကိုထမ်းဆောင်ရာတွင် ငွေအပ်နှံသူကပြစ်ချက်ကျူးလွန်သည့် ဖြစ်ရပ်တွင် အစိုးရ/ စည်းကမ်းထိန်းသိမ်းရေး/တရားရေးအာဏာပိုင် တစ်ဦးဦးထံသို့ ပေးအပ်ခြင်း။

## ၁၅။ အထွေထွေ

၁၅.၁။ ကမ္ဘောဇဘဏ်သို့ ငွေအပ်နှံသူကပေးထားသည့် ငွေအပ်နှံသူ၏လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ email address၊ အမိကသက်သေခံစာရွက်စာတမ်းများဖြစ်သော မှတ်ပုံတင်(သို့မဟုတ်) အခြား အချက်အလက် တစ်ခုခု အပြောင်းအလဲဖြစ်ပါက ငွေအပ်နှံသူသည်ဘဏ်သို့ ဖြစ်နိုင်သမျှစောလျင်စွာ အကြောင်းကြားရမည်။

၁၅.၂။ ငွေအပ်နှံသူသည် သူ/သူမ၏အပ်ဘဏ်စာရင်းကို ပိတ်သိမ်းရန်ရွေးချယ်ပါက ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲသို့ ငွေအပ်နှံသူ ကိုယ်တိုင်လာရောက်ရမည်။

၁၅.၃။ ငွေအပ်နှံသူသည်မှ ရင်သွေး စုဘူး ဘဏ်စာရင်းကို ပိတ်သိမ်းသည့်အခါ ငွေအပ်နှံသူ၏ ရင်သွေး စုဘူး ဘဏ်စာရင်းအတွင်း ကျန်ရှိသည့် ငွေကြေးအားလုံးကို ငွေအပ်နှံသူထံသို့ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ဘဏ်၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပေးအပ်မည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည်

ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားသော ငွေအပ်နှံသူ၏ ဘဏ်စာရင်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို စစ်ဆေးမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်ထံသို့ ငွေအပ်နှံသူကပေးရန် ကျန်ရှိသည့်ပမာဏအတွက် မည်သည့်စာရင်းမှမဆို ကမ္ဘောဇဘဏ်က နှုတ်ယူပိုင်ခွင့်ရှိသည်။ ထိုလုပ်ငန်းစဉ်များပြီးနောက် ကျန်ရှိသည့်လက်ကျန်ငွေများအားလုံးကို Account transfer ပြုလုပ်ခြင်း သို့မဟုတ် home branch သို့မဟုတ် ငွေအပ်နှံသူနှင့် နီးစပ်ရာ ကမ္ဘောဇဘဏ်ခွဲများတွင် ငွေသားထုတ်ယူခြင်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၁၅။၄။ လုံလောက်သောအကြောင်းရင်းများအတွက် ဘဏ်စာရင်းကို မည်သည့်အချိန်၌မဆို ကမ္ဘောဇဘဏ်က ပိတ်သိမ်းခွင့်ရှိပြီး ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့် အချိန်ကာလအထိ လက်ကျန်ငွေ "သုည (၀)" ဖြစ်နေသော ဘဏ်စာရင်းများကိုလည်း ကမ္ဘောဇဘဏ်ကပိတ်သိမ်းခွင့်ရှိသည်။

၁၅။၅။ ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့်ကာလတစ်ခုအထိ ဘဏ်စာရင်းသည် အထုတ်အသွင်းမရှိလျှင် (သို့မဟုတ်) စာရင်းသေဖြစ်နေလျှင် ထိုဘဏ်စာရင်းကို ကမ္ဘောဇဘဏ်က ပိတ်ပင်ခြင်း/ယာယီရပ်ဆိုင်းခြင်းတို့ ပြုလုပ်ခွင့်ရှိသည်။

၁၅။၆ ရင်သွေး စုဘူး ဘဏ်စာရင်းပိုင်ရှင် ငွေအပ်နှံသူအနေဖြင့် ၎င်းတို့၏ စာရင်းသေစာရင်းများကို ပြန်လည်အသုံးပြုလိုပါက ဘဏ်စာရင်းဖွင့်ခဲ့သည့် ကမ္ဘောဇဘဏ် သို့မဟုတ် နီးစပ်ရာကမ္ဘောဇဘဏ်ခွဲများသို့ ဘဏ်စာရင်းပိုင်ရှင်ကိုယ်တိုင်သွားရောက်၍ တောင်းဆိုချက်ပြုလုပ်ရမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ လိုအပ်သော KYC (Know Your Customer) ၏ အချက်အလက်များအားလုံးကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ကမ္ဘောဇဘဏ်မှ အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်ကို ငွေအပ်နှံသူမှ သိရှိနားလည်ပါသည်။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူ၏ တောင်းဆိုချက်အရ စာရင်းသေစာရင်းအား ပြန်လည်အသက်သွင်းခြင်းလုပ်ငန်းစဉ်ကို ကမ္ဘောဇဘဏ်၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၅။၇။ ကမ္ဘောဇဘဏ်သည် အခါအားလျော်စွာ ဥပဒေကလိုအပ်သည့်အတိုင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံ သို့ ဘဏ်သည် အထုတ်အသွင်းမရှိ (သို့မဟုတ်) စာရင်းသေဖြစ်နေသော အပ်ဘဏ်စာရင်း ဆိုင်ရာအချက်အလက်များကို တင်ပြနိုင်သည်။

၁၅။၈။ ကမ္ဘောဇဘဏ်သည် ဘဏ်စာရင်းဆိုင်ရာ သတင်းအချက်အလက်များအား တရားရုံးနှင့် အစိုးရအာဏာပိုင်များထံ ပေးရန်လိုအပ်လာပါက ပေးပိုင်ခွင့်ရှိကြောင်း ငွေအပ်နှံသူမှ သိရှိသဘောတူပါသည်။

၁၅။၉။ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၁၅။၁၀။ ဘဏ်စာရင်းလုပ်ငန်းဆောင်ရွက်မှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

## ၁၆။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်းပုံစံအဖြစ်ဖြင့်ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင်ဖြစ်သည်။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကို မဆို ကြော်ငြာခြင်းမပြုရ။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၁၇။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့် ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ငွေအပ်နှံသူက သိရှိသဘောတူပါသည်။ Website တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ငွေအပ်နှံသူတွင် တာဝန်အပြည့်အဝရှိပါသည်။ ဤစည်းကမ်းသတ်မှတ်ချက်များအား ပြောင်းလဲမှု သို့မဟုတ် အပြောင်းအလဲများ ပြုလုပ်ပြီးနောက် ငွေအပ်နှံသူသည် ဤဝန်ဆောင်မှု၏ မည်သည့်အသုံးပြုမှုတိုင်းမဆို ဤပြောင်းလဲသွားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

## ၁၈။ လွှဲပြောင်းခြင်း

ကမ္ဘောဇဘဏ်၏ စာဖြင့်ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ငွေအပ်နှံသူသည် ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်သော ၎င်း၏အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ တွင်ပါဝင်သော မည်သည့်အစိတ်အပိုင်းမဆိုအား ဖော်ဆောင်ရန်အတွက် မည်သည့်လက်ခွဲစာချုပ်ကိုမဆို ချုပ်ဆိုခြင်းမပြုရ။

## ၁၉။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား တရားဥပဒေနှင့် ကိုက်ညီခြင်းမရှိသည့် မည်သည့်ရည်ရွယ်ချက်မျိုးအတွက်မဆို အသုံးပြုမည်မဟုတ်ပါကြောင်း ငွေအပ်နှံသူက ကမ္ဘောဇဘဏ်အားအာမခံသည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ငွေအပ်နှံသူမှ သဘောတူသည်ဖြစ်သည်။

## ၂၀။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့် မတူဘဲ သီးခြားသက်ဝင်မှုရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။

## ၂၁။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၂၂။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်း သတ်မှတ်ချက်များကိုသာလျှင် အမှန်ယူရမည်ဖြစ်သည်။